# NEWSLETTER

MYANMAR GARMENT MANUFACTURERS ASSOCIATION

MGMA NEWSLETTER July 2018

NEWS

## MGMA သတင်းစာ ရှင်းလင်းပွဲ




မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (Myanmar Garment Manufacturers Association - MGMA) သည် 7Day News ဂျာနယ် ပါ ဘာသာပြန် သတင်းဆောင်းပါး တစ်ပုဒ်နှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၀) ရက်နေ့ တွင် သတင်းစာရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ ထုတ် 7Day News ဂျာနယ် တွင် "တိုးတက်လာသော မြန်မာ့ အထည်ချုပ် လုပ်ငန်း၏ နောက်ကွယ်မှ ဖြစ်ရပ်များ" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သော ဘာသာပြန်သတင်းဆောင်းပါးပါ အချက် အလက်များမှာ မှန်ကန်တိကျမှု မရှိကြောင်း တုံ့ပြန်သည့် အနေဖြင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်သည်။ www.newsdeeply.com ၏ The True Cost of Myanmar's Growing Garment Industry ကို ဘာသာပြန်သော 7Day News ဂျာနယ်ပါ သတင်းဆောင်းပါးသည် မြန်မာနိုင်ငံ အထည်ချုပ် စက်ရုံများအတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများ၊ အကြမ်းဖက်မှုများ များပြား ပျံ့နှံ့နေသယောင် ဖော်ပြခဲ့သည်။ သတင်းမီဒီယာများသည် စက်ရုံ ၁၆ ရုံမှ အလုပ်သမားများအား မေးမြန်းထားသည့် ILO-GIP ပရောဂျက် ၏ စစ်တမ်း ကောက်ယူမှု ရလာဒ်ကို ကိုးကားဖော်ပြခဲ့ကြခြင်းဖြစ်သည်။ မြန်မာဘာသာသို့ ပြန်ဆိုထားသည့် 7Day News ဂျာနယ်၏ သတင်းဆောင်းပါးတွင်မူ ဘာသာပြန် အမှားအယွင်း တချို့ရှိနေခဲ့ပြီး အဓိပ္ပါယ်သက်ရောက်မှု ပိုမို ဆိုးရွားသွားစေခဲ့သည်။ ယင်းသို့ လွဲမှားစွာ ရေးသားဖော်ပြမှုများကြောင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) က ၂၀၁၈ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့တွင် 7Day News ဂျာနယ်သို့ အိတ်ဖွင့်ပေးစာ တစ်စောင် ပေးပို့၍ ထောက်ပြ ဝေဖန်ခဲ့သည်။ သို့သော် တစုံတရာ အကြောင်းပြန်ကြားခြင်း မရှိခဲ့ပါ။

ထို့ကြောင့် MGMA အနေဖြင့် အသင်းဝင်များ၊ မီဒီယာများကို ဖိတ်ကြား၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်စန္ဒာမင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုး၊ ဒုဥက္ကဋ္ဌ ဒေါက်တာ အောင်ဝင်း၊ ဦးကျော်ဝင်း၊ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်၊ ဗဟို အလုပ်အမှု ဆောင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသင်းဝင် စက်ရုံကိုယ်စားလှယ်များ၊ တရုတ် အထည်ချုပ်အသင်း ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် များ၊ ကိုရီးယား အထည်ချုပ်အသင်း ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ရုပ်သံနှင့် ပုံနှိပ် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် MGMA ဥက္ကဋ္ဌ ဦးမြင့်စိုး က မြန်မာနိုင်ငံ အထည်ချုပ်စက်ရုံများအတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများ၊ အကြမ်းဖက်မှုများ များပြားပျံ့နှံ့နေသည်ဟု ပြောလိုလျှင် တိကျခိုင်လုံသည့် ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြသင့်ကြောင်း၊ စက်ရုံ ၁၆ ရုံမှ အလုပ်သမားများအား မေးမြန်းထားသည့် စစ်တမ်းတစ်ခုကို ကိုးကားဖော်ပြခြင်းသည် လုပ်ငန်း ကဏ္ဍ တစ်ခုလုံးကို ကိုယ်စားပြုနိုင်မည် မဟုတ်ကြောင်း၊ အလုပ်သမားဦးရေ ၅ သိန်းကျော် မှီခိုလုပ်ကိုင်နေရသည့် လုပ်ငန်းကဏ္ဍတစ်ခု လုံးကို အရုပ်ဆိုး အကျဉ်းတန်သွားစေသည့်အတွက် ဘာသာပြန်ဆိုဖော်ပြရန် မသင့်ကြောင်း၊ ဘာသာပြန်ဆိုချက် အမှားအယွင်း တချို့လည်း ရှိနေကြောင်း တုံ့ပြန်ရှင်းလင်းခဲ့သည်။ ထို့နောက် မီဒီယာများမှ မေးမြန်းသည်များကို ဒေါ်စန္ဒာမင်း နှင့် MGMA တို့မှ အသီးသီး ဖြေကြားခဲ့ကြသည်။ သက်ဆိုင်ရာ သတင်းဆောင်းပါးများကို အောက်ပါ Link များတွင် ဖတ်ရှုနိုင်ပါသည်။

https://www.newsdeeply.com/womensadvancement/articles/2018/05/25/the-true-cost-of-myanmars-growing-garment-industry
http://www.7daydaily.com/story/128188
https://drive.google.com/open?id=1J9Gw_fU3e8IWWf0hCQVza5KSY3xL5F-y

PRIORITY

## စီးပွားရေးဆိုင်ရာ ဥပဒေ ဝိရောဓိများ၏ ရင်းနှီးမြှုပ်နှံမှု နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု ဆွေးနွေးပွဲ

နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမို ရရှိစေရန် အထောက်အကူဖြစ်စေနိုင်မည့် သို့မဟုတ် အဟန့်အတား ဖြစ်စေသည့် ကိစ္စရပ်များကို ဆွေးနွေးရန် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ဦးဆောင်၍ "စီးပွားရေးဆိုင်ရာ ဥပဒေ ဝိရောဓိများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှု ဆွေးနွေးပွဲ" ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့တွင် ကျင်းပခဲ့သည်။ ဆွေးနွေးပွဲကို UMFCCI ပထမထပ် မင်္ဂလာခန်းမတွင် ကျင်းပခဲ့ပြီး ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဒုဥက္ကဋ္ဌ ဦးဝေဖြိုး၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် နှင့် ကုန်သည်စက်မှုအသင်းချုပ်လက်အောက်ရှိ အခြား လုပ်ငန်းရှင်အသင်းများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲကို စကားဝိုင်း ပုံစံဖြင့် ပြုလုပ်ခဲ့ပြီး YGA Capital မန်နေးဂျင်း ဒါရိုက်တာ ဦးသူရကိုကို၊ Allen and Gledhill မန်နေးဂျင်း ဒါရိုက်တာ ဦးမင်းနိုင်ဦး၊ Coca-Cola ၏ Director of Public Affairs, Communication & Sustainability, Mr. Alexandra Sandy Chapman ၊ Wise Pear Bag Factory ၏ ကုန်ထုတ်လုပ်မှု ဒါရိုက်တာ Mr. KH Yeung နှင့် Star Tex Garment ဒါရိုက်တာ Ms. Xu (Celia) တို့က Panellist များအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြပြီး UMFCCI တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ၂၀၁၈-၀၇-၂၃ ရက်နေ့ ပြည်သူ့လွှတ်တော်သို့ တင်ပြမည့် "အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေအား ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" ပါ အကြောင်းအချက်များအပေါ် ပြည်တွင်း၊ ပြင်ပ လုပ်ငန်းရှင်များ၏ သဘောထားမှတ်ချက်များ ရယူခဲ့သည်။

## MACCS System တွင် ပို့ကုန်ကြေငြာလွှာ (ကြိုတင်) တင်သွင်းရာ၌ Van Service Code အား အသုံးမပြုမီ ကြေငြာခွင့် ပြုခြင်း


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း
MYANMAR GARMENT MANUFACTURERS ASSOCIATION

အထည်ချုပ်လုပ်ငန်းများတွင် ပို့ကုန်ကြေငြာလွှာ (ကြိုတင်) တင်သွင်းရာ၌ MACCS System တွင် Van Service Code အသုံးပြုပြီးမှသာ ပို့ကုန်ကြေငြာလွှာ တင်သွင်းရခြင်းကြောင့် အထည်ချုပ် လုပ်ငန်းစဉ်များတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရ ပါသည်။ ယခုအခါ အကောက်ခွန် ဦးစီးဌာနမှ CMP ပို့ကုန်လုပ်ငန်းများ မြန်ဆန်စေရန် နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ MACCS System တွင် ပို့ကုန်ကြေငြာလွှာ (ကြိုတင်) တင်သွင်းရာ၌ Van Service Code အား အသုံးမပြုမီ ကြေငြာခွင့် ပြုလိုက်ကြောင်း အသိပေး အကြောင်းကြားလာပါသည်။ လိုအပ်သော အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းရေးကို အသင်းဝင်များ အနေဖြင့် အထူးဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

## EC စာချုပ် ချုပ်ဆိုရန် ငြင်းခြင်း

၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ ပုဒ်မ - ၅ (က) (၁) တွင် "အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း (၃၀) အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် ချုပ်ဆိုရမည်" ဟု ပြဌာန်းထားခြင်းကြောင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် ချုပ်ဆိုရန် လိုအပ်သည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်မှာ အလုပ်ရှင်၏ တာဝန်တစ်ရပ် ဖြစ်ပါသည်။ လက်တွေ့အခြေအနေတွင် အလုပ်ရှင်ဘက်မှ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ် (EC) ချုပ်ဆိုရန် ဆောင်ရွက်သော်လည်း အလုပ်သမားများဘက်မှ ငြင်းဆန်တတ်ကြသည်။ ဤသို့ဖြင့် EC ချုပ်ဆိုရန် အခက်အခဲဖြစ်နေသည့် စက်ရုံအလုပ်ရုံများကို ပိုပို၍တွေ့လာရပါသည်။ ထိုသို့ ငြင်းဆန်ရခြင်းမှာ အလုပ်သမားများသည် ဥပဒေပါ ရပိုင်ခွင့်များထက် သာလွန်ကောင်းမွန်သည့် အကျိုးစီးပွားတောင်းဆိုချက်များကို ညှိနှိုင်းတောင်းဆိုကြရာတွင် အရေးသာစေရန် သို့မဟုတ် အလုပ်ရှင်အား အကျပ်ကိုင်နိုင်ရန် ဖြစ်သည်။ EC စာချုပ် ချုပ်ဆိုရန် ငြင်းဆန်ပြီး အလုပ်ရှင်အပေါ် အပြစ်ရောက်စေခြင်းဖြင့် လိုချင်သည့် အကျိုးစီးပွားဆိုင်ရာ တောင်းဆိုချက်များရရန် အကျပ်ကိုင်ညှိနှိုင်းလာကြခြင်း ဖြစ်သည်။ ယင်းလုပ်ရပ်များသည် လုပ်ငန်းရှင်များအား များစွာ အခက်တွေ့စေပါသည်။

၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ ပုဒ်မ (၃၈) တွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရန် ပျက်ကွက်ခြင်းဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့် အလုပ်သမားများက စုပေါင်း၍ EC စာချုပ်ချုပ်ဆိုရန် ငြင်းဆန်လျှင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC) တွင် ညှိနှိုင်းပြီး ညှိနှိုင်းမှု မှတ်တမ်းနှင့်အတူ အလုပ်သမားများက ငြင်းဆန်သဖြင့် EC ချုပ်ဆိုနိုင်ခြင်းမရှိကြောင်း မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန နှင့် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန တို့သို့ စာရေးသား ပေးပို့ထားသင့်သည်။

ACTIVITY

## MGMA နှင့် Taiwan Textile Research Institute တို့ MOU လက်မှတ်ရေးထိုး

ထိုင်ဝမ်နှင့် မြန်မာအကြား လုပ်ငန်းကဏ္ဍများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် အခွင့်အလမ်းများ ဖန်တီးရေး ရည်ရွယ်ချက်ဖြင့် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) နှင့် Chinese National Federation of Industries (CNFI) တို့ ပူပေါင်း၍ Taiwan-Myanmar Industrial Collaboration Summit ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့၊ UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။ အခန်းအနားတွင် မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များ အသင်း နှင့် ထိုင်ဝမ် အထည်အလိပ် သုတေသန အဖွဲ့ (Taiwan Textile Research Institute - TTRI) တို့က လုပ်ငန်းကဏ္ဍအဆင့် သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ အထည်အလိပ်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများပို့ချခြင်း နှင့် အခြားကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding - MOU) လက်မှတ် ရေးထိုးခဲ့ကြသည်။
















Visits after signing MOU

## Advanced CSR Workshop

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အသင်းဝင်စက်ရုံများတွင် CSR ဆိုင်ရာ စီမံခန့်ခွဲမှုများ ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း နှင့် Foreign Trade Association of German Retailers (AVE) တို့ ပူးပေါင်း၍ Advanced CSR Workshop on Social Management System & Remediation အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၃၊ ၄၊ ၅ ရက်များတွင် UMFCCI ၌ ပြုလုပ်ခဲ့သည်။







## UPCOMING

| Description | Date | Place |
|---|---|---|
| 1. HR Management Improvement In-Factory Training<br>HR Management Improvement Training for problem solving, with focus on "Reducing Turnover and Absenteeism The course is specially designed to improve social compliance standards, as well as problem solving skills and productivity in your factory. The On-site Factory Training will be individually scheduled between the participants and MCY trainer within a period of 3 weeks after the workshops. | Aug, Oct, Sep, 2018 | On-Site |
| 2. 2nd Myanmar Textile Summit 2018<br>MGMA and ECV International are organizing in collaboration 2nd Myanmar Textile Summit 2018. The summit will focus on the latest government policies and international trading policies on the textile and apparel industries in Myanmar, sourcing practice and trends of international brands, the main challenges for FDI and so on. | 12-13 Nov 2018 | Sedona Hotel |

## NEW MEMBERS IN JULY 2018

| Number of New Factories in July 2018 | | 2 |
|---|---|---|
| **Country** | **No. of Factories** | **No. of Workers** |
| Chinese | 5 | 3707 |
| Korea | 1 | 620 |
| | | |
| **TOTAL** | 6 | 4327 |

## MEMBERSHIP UPDATE AS OF 2018-07-31

| Status | Country | No. of Factories | No. of Workers |
|---|---|---|---|
| Active | Myanmar | 107 | 73251 |
| | Chinese | 194 | 182694 |
| | Korea | 56 | 55082 |
| | Japan | 19 | 54462 |
| | Others | 131 | 68345 |
| Inactive | All | 72 | 0 |
| TOTAL | | 579 | 433834 |